# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ပဥ္စမနေ့အစီအစဉ်

# ( ၁၀ – ၆ –၂၀၂၆ ) ( ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်သန်း၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်၊ အောင်မေတ္တာ ရပ်ကွက် (ပြင်သာ) ဆိပ်ကမ်းမှ အင်းကျော်ရွာသို့ မြစ်သာမြစ်ကူးတံတား ဆောက်လုပ်ပေးနိုင် ပါရန်အတွက် သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) စိုင်းကျော်လှ၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့မှ ကာလိမြို့သို့ ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးအား ၂၃ ပေ အကျယ်ချဲ့ပြီး နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံ– မိုင်းခတ်–မိုင်းယန်း လမ်းမကြီးဖြစ်သော မိုင်းခတ်လမ်းအပိုင်း၌ အကွေ့ အကောက်များသော၊ လမ်းကျဉ်းသောနေရာများတွင် ၁၈ ပေ လမ်း ကတ္တရာ အဆင့်သို့ တိုးမြှင့်ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ၊ ရှိလျှင် မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **တပ်ကုန်းမြို့နယ်ရှိ သပြေချောင်းကျေးရွာမှ ရွှေမြို့ကျေးရွာသို့ ဆက်သွယ်သော ရွှေမြို့တံတား- ဆင်သေချောင်းကူးတံတားအား ရေတို၊ ရေရှည် အစီအမံများချမှတ်၍ တံတားရေထိန်းနံရံအပါအဝင် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊မရှိ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးဝင်းမြင့်၊ တွံတေးမဲဆန္ဒနယ်၏ **တွံတေးမြို့နယ် စည်ပင်ဈေးကြီးအားခရိုင်အဆင့်မြင့် ဈေးကြီးတစ်ခုအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊မရှိအား သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မှ လှိုင်သာယာသွားလမ်းမကြီး အနောက်ဖက် အလင်းနေ့ စားသောက်ဆိုင်မှ ရခိုင်ရိုးကြီး ချောင်းပေါက်အထိ အလျား (၅၅၀) ပေ၊ အနံ (၆)ပေ၊ အနက် (၅) ပေ၊ ကွန်ကရစ် ရေနုတ်မြောင်း (၁)ခုအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၂။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း၊

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းရေး နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၅။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း၊

၁၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၈။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၂၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဆဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။